# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
# ကြော်ငြာစာအမှတ်၊ ၁ / ၂၀၂၂
# ၁၃၈၃ ခုနှစ် တန်ခူးလပြည့်ကျော် ၁၁ ရက်
# ( ၂၀၂၂ ခုနှစ် မေ လ ၇ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး **(၂၈၄)** နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ အဆိုပါရာထူးများအား အောက်ပါဒေသအတွင်းရှိ ရုံး/ဌာနများတွင် ယှဉ်တွဲဖော်ပြပါ အရေအတွက်အတိုင်း ခန့်အပ်သွားပါမည် -

| | | |
|---|---|---|
| (က) | ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ ရုံး/ဌာနခွဲများ | ၃၂ ဦး |
| ( ခ ) | ကချင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၉ ဦး |
| ( ဂ ) | ကယားပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၅ ဦး |
| (ဃ) | ကရင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၅ ဦး |
| ( င ) | ချင်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၅ ဦး |
| ( စ ) | စစ်ကိုင်းတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၂၈ ဦး |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၁၄ ဦး |
| ( ဇ ) | ပဲခူးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၂၂ ဦး |
| ( ဈ ) | မကွေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၂၀ ဦး |
| (ည) | မန္တလေးတိုင်းဒေသကြီးအတွင်းရှိရုံးများ | ၃၅ ဦး |
| ( ဋ ) | မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၅ ဦး |
| ( ဌ ) | ရခိုင်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၁၁ ဦး |
| ( ဍ ) | ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရုံးများ | ၄၅ ဦး |
| ( ဎ ) | ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး | ၂၈ ဦး |
| (ဏ) | ဧရာဝတီတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး | ၂၀ ဦး |
| | **စုစုပေါင်း** | **၂၈၄ ဦး** |

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) (၃၀-၆-၂၀၂၁) ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၄။ လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website လိပ်စာဖြစ်သည့် www.ird.gov.mm တွင် ဖော်ပြထားမည်ဖြစ်ပြီး လျှောက်လွှာတွင် ဖော်ပြထားသောအချက်များကို ပြည့်စုံစွာရေးသွင်းရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ရက်သတ္တပတ်(၂)ပတ်အတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓါတ်ပုံ(၂)ပုံ

( ခ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ

( ဂ ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

( င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း

( စ ) ကျန်းမာကြောင်းဆေးလက်မှတ်နှင့် သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာ(မူရင်း)

(ဆ) ဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်(မူရင်း)

၆။ လျှောက်လွှာကို အပိုဒ်(၂)တွင် ပါဝင်သည့်ရုံးများအနက် **မိမိတာဝန်ထမ်းဆောင်လိုသော တိုင်းဒေသကြီး / ပြည်နယ် / ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး တစ်ရုံးတည်းသို့သာ (၁၄-၆-၂၀၂၁) ရက်နေ့ နောက်ဆုံးထားပေးပို့ လျှောက်ထားရမည်** ဖြစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်အတွင်းရှိ ရုံး/ဌာနခွဲများတွင် တာဝန်ထမ်းဆောင်လိုသူများသည် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးသို့ လျှောက်လွှာပေးပို့ လျှောက်ထားရမည်။ (အမြန်ချောပို့စနစ်ဖြင့်လည်း ပေးပို့လျှောက်ထားနိုင်ပါသည်။)

၇။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော၊ သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကျင်းပမည့်နေ့ရက်အား မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထပ်မံကြော်ငြာမည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံး

များ၌ကျင်းပပြုလုပ်မည်ဖြစ်၍ အထွေထွေဗဟုသုတဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများအား မိမိလျှောက်လွှာတင်ထားသည့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ပြီး ထုတ်ယူရမည့်နေ့ရက်အား ထပ်မံကြေငြာမည်ဖြစ်ပါသည်။

၁၀။ ရွေးချယ်ခြင်းခံရသူများသည် မိမိရွေးချယ်လျှောက်ထားသည့် ဒေသအတွင်းရှိ ဌာနခွဲ/ ရုံးများတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၁၁။ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊ နေပြည်တော် (ရုံးချုပ်)၊ တယ်လီဖုန်းအမှတ်၊ ၀၆၇- ၃၄၃၀၁၂၁ နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**